# ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၌ အသက်ရှင်ခြင်းအားဖြင့် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊၃း၁၄–၁၅။ သီ၊၁း၂–၃။ ၃း၆။ ၄း၇၊ ၁၅။ ၆း၄။ ဂး၆–၇။ ဗျာ၊၁၉း၇။ ၂၁း၂။

**I. သမ္မာကျမ်းစာသည် စကြဝဠာဆိုင်ရာစုံတွဲ – သတို့သားအဖြစ် ခရစ်တော်၌ ဘုရားသခင်နှင့် သတို့သမီးအဖြစ် ဘုရားသခင်၏ရွေးနုတ်ခံများ – ၏ အဖြူစင်ဆုံးနှင့် အသန့်ရှင်းဆုံး အာရုံခံစားမှုရှိ ချစ်ဇာတ်လမ်းဖြစ်သည် – ယော၊ ၃း၂၉။ မဿဲ၊ ၂၅း၆။ ဗျာ၊ ၁၉း၇။ ၂၁း၂။ ၂၂း၁၇။**

က။ ရာစုနှစ်များတစ်လျှောက် ဘုရားသခင်သည် လူများနှင့်အတူ ချစ်ဇာတ်လမ်းတစ်ခုရှိသည်။ ကိုယ်တော်သည် ကြင်ဖော်ကြင်ဖက်တစ်ဦးရှိရန် ရည်ရွယ်ချက်ဖြင့် လူကို ဖန်ဆင်းခဲ့သည်– အငယ်၊ ၁၇။

ခ။ ဘုရားသခင်သည် ချစ်သူတစ်ဦးဖြစ်၍၊ ကိုယ်တော်သည် ချစ်သူတစ်ဦးအဖြစ် သူကိုယ်တော်တိုင်၏ပုံသဏ္ဌာန်၌ လူကို ဖန်ဆင်းခဲ့သည်။ ဆိုလိုသည်မှာ လူသည် ကိုယ်တော့်ကို ချစ်နိုင်စေရန် ကိုယ်တော်သည် လူကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည် – မာ၊ ၁၂း၃၀။ ဧ၊ ၃း၁၄–၁၉။

ဂ။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းဖြစ်၍၊ သီးချင်းတကာ့သီချင်းသည် ဤချစ်ဇာတ်လမ်း၏ အကျဉ်းချုပ်ပုံစံ ဖြစ်သည်– ၁း၂–၃။ ဂး၁၄။

၁။ သမ္မာကျမ်းစာသည် ချစ်ကြည်နူးဖွယ်ရာကောင်းသောစာစောင်တစ်ခုဖြစ်၍၊ သခင်ဘုရားနှင့်ကျွန်ုပ်တို့၏ ဆက်နွယ်မှုသည် ပို၍ပို၍ ချစ်ကြည်နူးဖွယ်ရာ ကောင်းလာရမည် ဖြစ်သည်– သီ၊၄း၇။

၂။ အကယ်၍ ကျွန်ုပ်တို့နှင့် သခင်ယေရှုအကြားတွင် ချစ်ဇာတ်လမ်းမရှိပါက၊ ကျွန်ုပ်တို့သည် ချစ်ကြည်နူးနေသော ခရစ်ယာန်များမဟုတ်ဘဲ ဘာသာရေးဆန်သော ခရစ်ယာန်များဖြစ်ကြသည် – ၁း၂–၃။

၃။ ယေဘုယျအားဖြင့် သမ္မာကျမ်းစာသည် ဘုရားဆိုင်ရာ ပိုးပန်းခြင်း၏ စကား ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ရှာဖွေနေကြောင်း သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့မြင်ရသည်– ၂ကော၊ ၁၁း၂။

ဃ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပိုးပန်းသောစကားကို စောင့်ထိန်းလိုသည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော့်အဖို့ ကြင်နာသောချစ်ခြင်းနှင့် မဆိုင်းမတွ တုန့်ပြန်ခြင်းကို လိုအပ်သည်။ ဤကဲ့သို့ မဆိုင်းမတွတုန့်ပြန်ခြင်း၊ ကြင်နာယုယသော ချစ်ခြင်းကို ချစ်မြတ်နိုးသူနှင့် သူ၏ချစ်သူအကြားရှိ ချစ်ခြင်းမေတ္တာကို ဖော်ညွှန်းထားသည့် သီချင်းတကာ့သီချင်း၌ ဖော်ပြထားသည်– ၁း၂–၄။ ၂ကော၊ ၅း၁၄–၁၅။ ယော၊ ၁၄း၂၁၊ ၂၃။

၁။ သီချင်းတကာ့သီချင်း၏ အကြောင်းအရာမှာ တစ်ဦးချင်းဆိုင်ရာယုံကြည်သူများသည် ခရစ်တော်နှင့်အတူ ချစ်ဖွယ်ကောင်းသောမိတ်သဟာယဖွဲ့ခြင်း၏ တိုးတက်လာသော အတွေ့အကြုံကို ဖွင့်ပြခြင်းဖြစ်သည့် အလွန်ကောင်းမွန်သော လက်ထပ်ထိမ်းမြားခြင်း၌ ချစ်မေတ္တာ၏သမိုင်းကြောင်းဖြစ်သည်– ၁း၂။

၂။ သီချင်းတကာ့သီချင်းသည် သတို့သားခရစ်တော်နှင့် ကိုယ်တော်၏သတို့သမီးတည်းဟူသော သူ၏ချစ်သူများအကြား မင်္ဂလာနှင့်ဆိုင်သော မေတ္တာ၏ ကဗျာဆန်သောပုံစံ၌ အံ့သြဖွယ်သော၊ ဝင်းလက်သောပန်းချီကား တစ်ချပ်ဖြစ်သည်– ၂း၄။ ၆း၃။ ၇း၁၁–၁၂။ ဂး၅–၆၊ ၁၄။

**II. သီချင်းတကာ့သီချင်း၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၏ အတွေ့အကြုံနှင့် ဘုရားဆိုင်ရာ ချစ်ဇာတ်လမ်း၌ အသက်ရှင်ခြင်းအကြားရှိ ဆက်နွယ်မှုကို မြင်ရသည်။**

က။ အကယ်၍ ကျွန်ုပ်တို့သည် သခင်ဘုရားကို အမှန်တကယ် ချစ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားခြင်းရှိ၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်း အမှန်တကယ်ရှိလိမ့်မည် ဖြစ်သည်– ၂ကော၊ ၅း၁၄–၁၅။ ၃း၁ဂ။

ခ။ သီချင်းတကာ့သီချင်း၌ရှိသော ရှာဖွေသူသည် သူမ၏ချစ်သူကို အလွန်ချစ်သောကြောင့်၊ သူမသည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစား၍ အသက်၌ သူမ ကြီးထွားခြင်းတွင် စဉ်ဆက်မပြတ် ပြောင်းလဲခြင်းရှိသည်– ၁း၂–၃၊ ၄ခ ၉၊ ၁၂၊ ၁၅။ ၂း၂၊ ၁၄။ ၃း၆–၇။ ၄း၇၊ ၁၂–၁၅။ ၆း၄၊ ၁၀၊ ၁၃က။

ဂ။ လူတစ်ဦးသည် သူချစ်သောအရာတိုင်းအပေါ်မှာ သူ၏စိတ်နှလုံးတစ်ခုလုံး၊ သူ၏ဖြစ်ခြင်းတစ်ခုလုံးကိုပင် နေရာချခြင်း၊ သိမ်းပိုက်ခံခြင်းနှင့် ပိုင်ဆိုင်ခံရခြင်း ရှိမည်ဖြစ်သည် – ၁တိ၊ ၆း၁၀–၁၀။ ၂တိ၊ ၃း၂–၄။ ၄း၈၊ ၁၀က။ တိတု၊ ၁း၈။

၁။ “ဘုရားသခင်ကို ချစ်ခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး– ဝိညာဉ်၊ စိတ်နှင့် ခန္ဓာနှင့်အတူ စိတ်နှလုံး၊ စိတ်၊ အသိဉာဏ်နှင့် ခွန်အား(မာ၊၁၂း ၃၀)အားလုံးကို ကိုယ်တော်အပေါ်တွင် ထားရှိခြင်းဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်း တစ်ခုလုံးကို ကိုယ်တော်အားဖြင့် သိမ်းပိုက်ခွင့်ပေးထား၍၊ ကိုယ်တော်၌ နှစ်မြှုပ်ခြင်း ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည်

ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်း ဖြစ်လာ၍၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ လက်တွေ့ကျစွာ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်လာကြသည်" (၁ကော၊ ၂း၉ မှတ်စု ၃)။

၂။ သခင်ယေရှုကိုချစ်ရန်မှာ ကိုယ်တော့်ကို တန်ဖိုးထားရန်၊ ကျွန်ုပ်တို့ဖြစ်ခြင်းကို ကိုယ်တော့်ထံသို့ ဦးတည်ရန်၊ ကိုယ်တော့်ထံ ဖွင့်ပေးရန်၊ ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ကိုယ်တော့်ကို ပဌမနေရာပေးရန်၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန်၊ ကိုယ်တော့်ကို အသက်ရှင်ရန်နှင့် ကိုယ်တော်ဖြစ်လာရန် ဖြစ်သည်– မ၊ ၂၆း၆–၁၃။ ၂ကော၊ ၃း၁၆။ မာ၊ ၁၂း၃၀။ ကော၊ ၁း၁၈။ ၁ကော၊ ၆း၁၇။ ဖိ၊ ၁း၂၀–၂၁။ ဓမ္မသီချင်း(အင်္ဂလိပ်) ၄၇၇၊ ဒုတိယပိုဒ်။

**III. တိရဇာနှင့် ယေရုရှလင်သည် ဘုရားသခင်၏သန့်ရှင်းရာဌာနတော်၊ ဘုရားသခင်ကိန်းဝပ်ရာနေရာ၊ လုံခြုံရာ အကာအကွယ်များနှင့် ဝန်းရံထားသော ဘုရားသခင်၏မြို့တော်ကို ပုံဆောင်ခြင်းဖြစ်သည် – သီ၊ ၆း၄က။**

က။ ခရစ်တော်၏ချစ်သူများသည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်ရန် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝဖြစ်လာသောအခါ ဘုရားသခင်၏ အမြင်၌ သူမသည် တိရဇာကဲ့သို့လှပ၍ ယေရုရှလင်ကဲ့သို့ ချစ်ဖွယ်ကောင်းသည်။

ခ။ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်၏ တက်ကြွခြင်းတွင် အသက်ရှင်ခြင်းမှတစ်ဆင့် ခရစ်တော်၏ချစ်သူသည် ခရစ်တော်အသက်၏ကြွယ်ဝခြင်းများ၌ ရင့်ကျက်လာသည်၊ သို့မှသာ သူမသည် ဘုရားသခင်၏တည်ဆောက်ခြင်း၊ ဘုရားသခင်၏သန့်ရှင်းရာဌာနတော်နှင့် ထိုအရာ၏ အကာအကွယ်ဖြစ်လာမည်ဖြစ်သည် (ညွှန်း၊ က၊ ၂း၈–၁၂၊ ၁၈–၂၄။ ၁ကော၊ ၃း၉–၁၂)။

ဂ။ ခရစ်တော်၏ချစ်သူသည် အသန့်ရှင်းဆုံးဌာန၊ ကောင်းကင်ဆိုင်ရာ သန့်ရှင်းရာဌာနတော်၏ အတွင်းခန်း၊ ကန့်လန့်ကာအတွင်း၌ နေထိုင်၍ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ကြုံခံစားပြီးနောက်၊ ကားတိုင်မှတစ်ဆင့် ခရစ်တော်၏ တက်ကြွခြင်းကို တွေ့ကြုံခံစားနေသည်– သီ၊ ၄း၈။

ဃ။ အကောင်းဆုံးသော ချစ်ခြင်းမေတ္တာဖြင့် ကိုယ်တော့်ကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကိန်းဝပ်ရာနေရာဖြစ်လာရန် သုံးပါးတစ်ပါးဘုရား အထဲသို့ ရောနှောပေါင်းစပ်သွားကြသည်– ဗျာ၊ ၂း၄။ ယော၊ ၁၄း၂၀–၂၁၊ ၂၃။ ဧ၊ ၃း၁၇။

၁။ ဘုရားသခင်၌ရှိသော ချစ်ခြင်းမေတ္တာက ကိုယ်တော်အား ကျွန်ုပ်တို့နှင့် ပေါင်းစည်းရန်၊ ရောနှောရန်နှင့် ပေါင်းစပ်ရန် တောင့်တခြင်းကို ဖြစ်စေသည်၊ ကျွန်ုပ်တို့၌ရှိ ထိုတူညီသောချစ်ခြင်းမေတ္တာကပင် ကျွန်ုပ်တို့အား ကိုယ်တော်နှင့် ပေါင်းစည်းရန်၊ ရောနှောရန်နှင့် ပေါင်းစပ်ရန် တောင့်တခြင်းကို ဖြစ်စေခြင်းဖြစ်သည်– ၁ယော၊ ၄း၁၉၊ ၈၊ ၁၆။

၂။ အကောင်းဆုံးသောချစ်ခြင်းမေတ္တာဖြင့် သခင်ဘုရားကိုချစ်၍၊ ဘုရားဆိုင်ရာ ချစ်ဇာတ်လမ်း၏ သွင်ပြင်တိုင်း၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာန၏ ကြီးမားကျယ်ပြန့်ခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်ဖြစ်လာကြသည်– သီ၊ ၁း၂–၃။ ၂း၁၄။ ၄း၈။ ၆း၄။ ဗျာ၊ ၂၁း၉–၁၀။

င။ ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်ဖြစ်လာရန်ဆိုသည်မှာ ကြီးရင့်ခြင်းသို့တိုင်အောင် ခရစ်တော်အသက်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူ ကြီးထွားခြင်း၌ တည်ဆောက်ခံရန် (ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းနှင့် ဆက်နွယ်ခြင်း) ဖြစ်သည်– ဧ၊ ၄း၁၂–၁၆။

၁။ ဓမ္မဟောင်း၌ ဘုရားသခင်၏ တည်ဆောက်ခြင်းကို တိရဇာမြို့နှင့် ယေရုရှလင်မြို့အားဖြင့် ပုံဆောင်ထား၍၊ ဓမ္မသစ်၌ ဤတည်ဆောက်ခြင်းသည် ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်သည်– ဧ၊ း၁၆။

၂။ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းသည် အသက်ဆိုင်ရာဖြစ်၍၊ အသက်၌ ကျွန်ုပ်တို့၏ ကြီးထွားခြင်းနှင့် ကြီးရင့်ခြင်းအပေါ် မူတည်သည်– အငယ်၊ ၁၅။

၃။ အဆုံးစွန်အနေဖြင့်၊ ခရစ်တော်၏ သတို့သမီး (၅း၂၅–၃၂) ဖြစ်သော အသက်ဆိုင်ရာခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းသည် ဘုရားသခင်နှင့်ကိုယ်တော်၏ ရွေးနုတ်ခံများ ထာဝရကာလ၌ အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်လာမည့် အသန့်ရှင်းဆုံးဌာန၏ ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်ဖြင့် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်– ဗျာ၊ ၂၁း၂–၃၊၁၆၊ ၂၂။

**IV. ခရစ်တော်၏ အသက်၏ရင့်ကျက်မှု၌ ခရစ်တော်၏ချစ်သူသည် ရှုလမိတ်ဖြစ်လာပြီး၊ သူတို့၏ထိမ်းမြားခြင်းအတွက် ခရစ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်းနှင့် ပုံတူမှုပွား ဖြစ်လာခြင်းကို ပုံဆောင်သည် – သီ၊ ၆း၁၃။**

က။ သမ္မာကျမ်းစာက ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်စေရန်နှင့် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေရန် – ကိုးကွယ်ခံဦးခေါင်းအရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ တစ်သားတည်းဖြစ်စေရန်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ထပ်တလဲလဲ ပြောထားသည်။

ခ။ ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အထွတ်အထိပ် – ဘုရားသခင် သည် လူဖြစ်လာခြင်းမှာ လူကို အသက်နှင့် သဘောသဘာဝ၌ ဖြစ်စေခြင်း – သို့မည်သို့ရောက်ရှိရမည်ကို ကျွန်ုပ်တို့ သုံးသပ်ဆင်ခြင်သောအခါ ကျွန်ုပ်တို့သည် မိမိကိုယ် ကိုးစားခြင်းမရှိဘဲ၊ ကျွန်ုပ်တို့အား ကရုဏာ၊ ဘုန်းအသရေနှင့် ဘုန်းတော်၏ ထည့်စရာတန်ဆာပလာများဖြစ်စေရန် ချစ်ခြင်းမေတ္တာ၊ တန်ခိုးနှင့် ကရုဏာတော်တည်းဟူသော သခင်ဘုရားအပေါ်၌ မှီခိုအားကိုးရမည် – သီ၊ ၈း၅–၆။

© 2022 Living Stream Ministry